## မြန်မာ - စစ်ပွဲကြောင့်ပြင်းပြင်းထန်ထန်ထိခိုက်ဆုံးရှုံးနေရသည့်ကချင်ပြည်နယ်အတွင်း လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအထောက်အပံ့ပေးအပ်မှုများအပေါ် ကန့် သတ်ပိတ်ပင်မှုများကို အဆုံးသတ်ပေးပါ

*၂၀၁၁ ခုနှစ်ကတည်းက ကချင်ရွှေ့ ပြောင်းသည်များထံသို့ ကူညီထောက်ပံ့မှုများပေးအပ်နိုင်ခြင်းမရှိအောင် အစိုးရကတား ဆီးပိတ်ပင်နေခဲ့မှုများအကြောင်း အစီရင်ခံစာသစ်*

(၂၀၁၈ ခုနှစ် ဩဂုတ်လ (၁၀) ရက်၊ ရန်ကုန်မြို့ ။) မြန်မာအစိုးရသည် ပြည်တွင်းစစ်ကြောင့်အတင်းအဓမ္မရွှေ့ ပြောင်းနေရာ ချထားခြင်းကိုခံနေခဲ့ရသည့် သိန်းချီသောကချင်အရပ်သားပြည်သူများထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူ အညီပေးအပ်မှုများအပေါ် ခုနှစ်နှစ်ကျော်ကြာအောင်တားဆီးပိတ်ပင်လာခဲ့ပြီးဖြစ်သည်ဟု Fortify Rights က ယနေ့ တွင် ဤအစီရင်ခံစာသစ်၌ ရေးသားတင်ပြအပ်ပါသည်။ အကူအညီလိုအပ်နေသော ပြည်တွင်းရွှေ့ ပြောင်းဒုက္ခသည်များအားလုံး ထံသို့ လွတ်လပ်ပြီးအကန့် အသတ်မရှိသောသွားရောက်ကူညီထောက်ပံ့နိုင်ခွင့်ကို အာဏာပိုင်များက ပြည်တွင်းနှင့်နိုင်ငံ တကာအကူအညီပေးရေးအုပ်စုများထံ ချက်ချင်းပေးအပ်သင့်ပါသည်။

"ကွန်ဆာဗေးတစ်အစိုးရနှင့် တပ်မတော်တို့ သည် ပြည်တွင်းနှင့်နိုင်ငံတကာအကူအညီပေးရေးအုပ်စုများကို ရည်ရွယ်ချက် ရှိရှိတားဆီးပိတ်ပင်ကာ ကချင်အရပ်သားပြည်သူတို့ ၏ အထောက်အပံ့များ လက်လှမ်းမီ ရရှိခံစားနိုင်ခွင့်ကို ငြင်းဆန် ပယ်ချနေခဲ့သည်"ဟု Fortify Rights အဖွဲ့ ၏ အမှုဆောင်အရာရှိချုပ် Matthew Smith က ပြောကြားခဲ့သည်။ "ယင်းသည် စစ် ရာဇဝတ်မှုတစ်ရပ်ဖြစ်သည်ဟုဆိုနိုင်ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ချုပ်အနေနှင့် မြန်မာနိုင်ငံအား နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းရန်အတွက်အကြောင်းရင်းကိုသာ ပိုမိုဖြစ်ပေါ်စေနိုင်သည်"ဟူ၏။

ကချင်ပြည်နယ်အတွင်းမှရွှေ့ ပြောင်းဒုက္ခသည်အရပ်သားပြည်သူများမှာ ကူညီထောက်ပံ့မှုများအလုံအလောက်ရရှိခံစားနိုင် ခွင့်ကင်းမဲ့နေခဲ့ကြောင်းကို ကျယ်ကျယ်ပြန့် ပြန့် သိရှိကြသော်လည်း ကူညီထောက်ပံ့မှုများက လိုအပ်နေသူများထံ အဘယ့် ကြောင့်နှင့် မည်သို့ မည်ပုံရောက်ရှိနိုင်ခြင်းမရှိကြောင်းကိုမူ ယနေ့ ထက်တိုင် အသေးစိတ်နားလည်သိမြင်မှုများ မရှိသလောက်ဖြစ်နေပေသည်။ *"အရာရာတိုင်းကို သူတို့ ပိတ်ဆို့ထားတယ် - မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်အတွင်းမှ စစ်ပွဲကြောင့် ရွှေ့ ပြောင်းနေရာချထားခြင်းခံနေခဲ့ရသည့် အရပ်သားတိုင်းရင်းသားပြည်သူများအတွက် ရှောင်လွှဲ၍ရနိုင်သော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့ကင်းမဲ့မှုများ"* အစီရင်ခံတွင် မြန်မာအာဏာပိုင်များ (အထူးသဖြင့် မြန်မာ့တပ်မတော်)က ကချင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုကို ငြင်းပယ် ခြင်းအား လက်နက်တစ်ခုအဖြစ် နှစ်ပေါင်းများစွာကြာအောင်အသုံးပြုလာခဲ့ပုံအကြောင်းကို အသေးစိတ်ဖော်ပြထားသည်။ အစိုးရသည် မြန်မာ့တပ်မတော်နှင့်ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) (နိုင်ငံတွင်း အကြီးဆုံးတိုင်းရင်းသား လက်နက်ကိုင် အစုအဖွဲ့များတွင် တစ်ခုအပါအဝင်ဖြစ်၏) ကြားဆက်လက်ဖြစ်ပွားနေဆဲစစ်ပွဲများကြောင့် ရွှေ့ ပြောင်းနေရာချထားခြင်း ခံနေခဲ့ရသည့် သိန်းချီသောအရပ်သားပြည်သူများအား အစားအစာ၊ ခိုလှုံရာနေအိမ်၊ ရေနှင့် ကျန်းမာသန့် ရှင်းရေးတို့ ကို ရရှိခံစားနိုင်ခြင်းမရှိစေရန်ရည်ရွယ်ပြီး ကန့် သတ်ပိတ်ပင်မှုများချမှတ်ကျင့်သုံးနေခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အစည်းများနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးအဖွဲ့ အစည်း များအား တရုတ်နိုင်ငံယူနန်ပြည်နယ်နှင့် ထိစပ်နေသည့်မြန်မာနိုင်ငံဘက်ခြမ်းနယ်စပ်ဒေသများ (ထောင်သောင်းချီသော ကချင်အရပ်သားပြည်သူများမှာ ထိုနယ်မြေဒေသများတွင်ရွှေ့ ပြောင်းနေရာချထားခြင်းခံနေခဲ့ရပြီး အထောက်အပံ့များလို အပ်နေသည်)တွင် လုပ်ငန်းလုပ်ဆောင်ခွင့်မပြုပဲတားမြစ်ပိတ်ပင်ရန် တရုတ်အစိုးရက မြန်မာအာဏာပိုင်များနှင့် တိုင်းရင်း သားစစ်တပ်များအား သီးသန့် တိုက်တွန်းပြောကြားခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

ဆက်လက်ဖြစ်ပွားနေသောလက်နက်ကိုင်ပဋိပက္ခများကြောင့် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်အတွင်းရှိ ရွှေ့ပြောင်းနေရာချထားရေးစခန်းပေါင်း ၁၄၀ ကျော်တွင် တိုင်းရင်းသားအရပ်သားပြည်သူပေါင်း ၁၀၆၀၀၀ ကျော် လက်ရှိနေထိုင်နေပြီး လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ရှိနေခဲ့သည်။

(၂၀၁၃ - ၂၀၁၈) ငါးနှစ်တာကာလအတွင်း ကချင်ပြည်နယ်တွင်အဓိကပြုလုပ်ခဲ့သည့်တွေ့ဆုံမေးမြန်းမှုပေါင်း ၁၉၅ ခု ကိုအခြေခံထားသည့် စာမျက်နှာ ၆၈ မျက်နှာပါရှိသောအစီရင်ခံသည် မြန်မာအစိုးရက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးအဖွဲ့အစည်းများအပေါ် မလိုလားအပ်သောခရီးသွားလာခွင့်ကန့်သတ်ပိတ်ပင်မှုများ ချမှတ်ကျင့်သုံးနေခဲ့ပုံများကို မှတ်တမ်းတင်ဖော်ပြထားသည်။ Fortify Rights အဖွဲ့သည် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိကာလအတွင်း ကချင်ပြည်နယ်ရှိရွှေ့ပြောင်းနေရာချထားရေးယာယီစခန်းပေါင်း ၂၀ ကျော်ကို သွားရောက်လေ့လာခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းခံခဲ့ရသည့်ရှင်သန်ကျန်ရစ်သူများနှင့် မျက်မြင်သက်သေများ၊ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ၊ U.N. အရာရှိများ၊ နိုင်ငံတကာနှင့်ပြည်တွင်းလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးအဖွဲ့အစည်းများ၏ကိုယ်စားလှယ်များ၊ ကချင်လွတ်မြောက်ရေးအစည်းအရုံး (KIO) ကိုယ်စားလှယ်များနှင့် KIA စစ်သားများအား တွေ့ဆုံမေးမြန်းခဲ့သည်။

ကချင်ပြည်နယ် အစိုးရထိန်းချုပ်နယ်မြေများရှိ ရွှေ့ပြောင်းဒုက္ခသည်လူမှုအသိုက်အဝန်းများကို ထောက်ပံ့ကူညီရန်အတွက် ၂၀၁၇ ခုနှစ် ဇွန်လမှ ၂၀၁၈ ခုနှစ် ဇွန်လအထိကာလအတွင်း နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီများမှ တင်ပြလျှောက်ထားခဲ့သော "ခရီးသွားလာခွင့်" လျှောက်ထားမှုပေါင်း ၅၆၂ ခု အနက် ၅% ခန့်ကိုသာ မြန်မာအစိုးရက ခွင့်ပြုချက်မရှိခွင့်ပြုပေးခဲ့သည်။ KIA ထိန်းချုပ်မှုအောက်ရှိနယ်မြေဒေသများသို့ သွားရောက်နိုင်ခွင့်အတွက် အကူအညီပေးရေးအေဂျင်စီများ၏တောင်းခံလျှောက်ထားမှုများအား သဘောတူခွင့်ပြုမှုများမှာ ပို၍ပင်နည်းပါးခဲ့သည်။ အထောက်အပံ့ပေးရေးအဖွဲ့အစည်းများသည် KIA ထိန်းချုပ်နယ်မြေအတွင်းရှိရွှေ့ပြောင်းဒုက္ခသည်ပြည်သူများထံ သွားရောက်နိုင်ခွင့်ရရှိရေးအတွက် အရပ်သားအစိုးရထံလျှောက်ထားတောင်းဆိုမှုများမှာ အချည်းနှီးဖြစ်သောအားထုတ်မှုများသာဖြစ်သည်ဟု သတ်မှတ်ရျမြင်ကာ ရပ်တန့်ပစ်ခဲ့ကြသည်။

"အရာရာတိုင်းကို သူတို့ပိတ်ထားတယ်" ဟု KIA ထိန်းချုပ်နယ်မြေအတွင်းမှ အသက် ၆၀ အရွယ်ရွှေ့ပြောင်းဒုက္ခသည်ကချင်တစ်ဦးဖြစ်သော "ဇော်ရော် (Zau Raw)" က မြန်မာ့တပ်မတော်အားရည်ညွှန်းကာပြောပြခဲ့သည်။ "KIA ထိန်းချုပ်နယ်မြေထဲကိုဖြတ်သန်းဝင်ရောက်ဖို့ကြိုးစားနေတဲ့ ကုန်တင်ကားအားလုံးကို ပိတ်ထားတယ်" ဟူ၏။

အာဏာပိုင်များသည် အစိုးရထိန်းချုပ်နယ်မြေများထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာသွားရောက်ကူညီနိုင်ခြင်းမရှိအောင်လည်း ပိတ်ဆို့ထားသည် သို့မဟုတ် ဟန့်တားထားသည်။

မြန်မာနိုင်ငံအတွင်း အကူအညီပေးရေးအုပ်စုများအပေါ် အစိုးရကချမှတ်ကျင့်သုံးသော ခရီးသွားလာခွင့်ပေးအပ်ရေးလုပ်ငန်းစဉ်သည် တကယ်တမ်းတွင် ရွှေ့ပြောင်းဒုက္ခသည်ပြည်သူများထံသို့ အထောက်အပံ့များပေးအပ်ခွင့်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာသွားရောက်ကူညီနိုင်ခွင့်အပေါ် ကန့်သတ်ပိတ်ပင်မှုတစ်ရပ်ဖြစ်ပြီး နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကို ချိုးဖောက်နေပေသည်။ အရပ်ဘက်အာဏာပိုင်များပါဝင်သော ခရီးသွားလာခွင့်ပေးအပ်ရေးလုပ်ငန်းစဉ်မှတဆင့် လိုက်နာဆောင်ရွက်စေသည့် ခက်ခဲရှုပ်ထွေးပြီး ရှင်းရှင်းလင်းလင်းမရှိသောလုပ်ဆောင်ပုံနည်းလမ်းများက လိုအပ်နေသူတို့ထံအကူအညီများပေးအပ်ရေးအတွက် လိုအပ်သည်ထက်ပိုသောနှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်စေခဲ့သည်သာမက ကချင်ပြည်နယ်၏အချို့နယ်မြေဒေသများအတွင်းမှလူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းလုပ်ဆောင်မှုများကို အလုံးစုံရပ်တန့်သွားစေခဲ့သည်။

ကချင်အရပ်သားပြည်သူများတို့ထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ခြင်းကို နှောင့်ယှက်ဟန့်တားမှုများအတွက် မြန်မာ့တပ်မတော်တွင် အဓိကတာဝန်ရှိသည်ဆိုသော်လည်း ယခင်သမ္မတဦးသိန်းစိန်အစိုးရ

(၂၀၁၁-၂၀၁၆) နှင့် လက်ရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်အစိုးရ (၂၀၁၆ မှ လက်ရှိကာလအထိ) တို့သည်လည်း စစ်ပွဲဒဏ်ခံစားနေခဲ့ရသောကချင်အရပ်သားပြည်သူတို့အတွက် လုံလောက်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့များ ရရှိခံစားနိုင်ခွင့်ကင်းမဲ့စေသည့် သူတို့၏သက်ဆိုင်ရာမူဝါဒများကို ဆက်လက်ကျင့်ကြံအသုံးပြုနေခဲ့သည်။

Fortify Rights အဖွဲ့၏အစီရင်ခံစာအရ မရှိမဖြစ်လိုအပ်သောကူညီထောက်ပံ့မှုများကင်းမဲ့နေခဲ့ခြင်းကြောင့် အစားအစာမလုံခြုံမှု၊ ရှောင်လွှဲ၍ရနိုင်သော ကျန်းမာရေးယိုယွင်းသေဆုံးမှုများ၊ ညှိုးဖျင်းသောလူမှုဘဝအခြေအနေများနှင့် အကာအကွယ်ပေးရေးဆိုင်ရာစိုးရိမ်ပူပန်မှုများမှာ မြင့်တက်လာနေခဲ့ကြောင်း ကချင်ပြည်နယ်အတွင်းမှရွှေ့ပြောင်းဒုက္ခသည်အရပ်သားပြည်သူများက ပြောဆိုတင်ပြခဲ့ကြသည်။

အခြေခံနှင့်အသက်ကယ်ဆယ်ရေးအကူအညီများနှင့်အထောက်အပံ့များကို လက်လှမ်းမီရရှိနိုင်မှု ကင်းမဲ့နေခြင်းကြောင့် ရွှေ့ပြောင်းဒုက္ခသည်အရပ်သားပြည်သူများမှာ အစားအစာနှင့် မရှိမဖြစ်အသုံးအဆောင်ပစ္စည်းများ ရှာဖွေရယူနိုင်ရန်အတွက် ရွှေ့ပြောင်းနေရာချထားရေးယာယီစခန်းများအပြင်ဘက်သို့ထွက်ကာ အန္တရာယ်ပြွမ်းသောခရီးများကို မတတ်သာ၍ထွက်ခွာခဲ့ရသည်။ မြန်မာနိုင်ငံအတွင်းမှ မြေမြှုပ်မိုင်းများနှင့် လက်နက်ကိုင်ပဋိပက္ခများ၏ အန္တရာယ်များနှင့်အတူ တရုတ်နိုင်ငံအတွင်းမှ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများနှင့် အကြောင်းမဲ့ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းအန္တရာယ်များ တို့ကြားအရဲစွန့်တိုးဝင်ခဲ့ရသောခရီးများဖြစ်သည်။ မြန်မာအာဏာပိုင်တို့၏ကန့်သတ်ပိတ်ပင်မှုများကို ရှောင်တိမ်းရန်ကြိုးပမ်းနေကြသည့် အကူအညီပေးရေးလုပ်သားများမှာလည်း မြန်မာ-တရုတ်နယ်စပ်ဒေသရှိရွှေ့ပြောင်းဒုက္ခသည်များထံသို့ အထောက်အပံ့ များပေးအပ်ရေးအတွက် အလေးတူဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေခဲ့ရသည်။

ကချင်ပြည်နယ်အတွင်း၌ နယ်မြေဒေသခံအကူအညီပေးရေးအဖွဲ့အစည်းများမှာ တစ်နေ့တစ်ခြားပိုမိုကြီးမားလာသော ခြိမ်းခြောက်မှုများအောက်သို့ကျရောက်နေခဲ့ရသည်။ ဥပမာ မေလ (၂၁) ရက်နေ့တွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာကချင်ပြည်နယ်ဝန်ကြီးက KIA ("အကြမ်းဖက်အဖွဲ့အစည်း" တစ်ရပ်အဖြစ် မြန်မာအစိုးရကတံဆိပ်ကပ်နိုင်ခဲ့သည်) ၏ထိန်းချုပ်မှုအောက်ရှိနယ်မြေဒေသများအတွင်း အထောက်အပံ့များပေးအပ်ခဲ့ခြင်းအတွက် ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်(the Kachin Baptist Convention) (KIA ထိန်းချုပ် နယ်မြေများအတွင်းရှိ ရွှေ့ပြောင်း ဒုက္ခသည်လူမှုအသိုက်အဝန်းများကို အကြီးမားဆုံးထောက်ပံ့ကူညီနေသည့်အဖွဲ့ များတွင်တစ်ခုအပါအဝင်ဖြစ်၏)ကို မတရားအသင်းဥပဒေ၊ ပုဒ်မ ၁၇ (၁) ကိုချိုးဖောက်ရာရောက်ကြောင်း ပြစ်တင်စွပ်စွဲခဲ့သည်။ ပုဒ်မ ၁၇ (၁) ကိုချိုးဖောက်ကြောင်း ပြစ်မှုထင်ရှားပါက ထောင်ဒဏ်သုံးနှစ် နှင့်/သို့ မဟုတ် ငွေဒဏ်တစ်ရပ်ချမှတ်နိုင်သည်။

"တိုင်းရင်းသားစစ်တပ်တစ်တပ်ကို အနိုင်ယူရန်ကြိုးပမ်းအားထုတ်မှုတစ်ရပ်အနေနှင့် အရပ်သားပြည်သူများအား အကူအညီအထောက်အပံ့များကင်းမဲ့စေခြင်းသည် မူမမှန်သော၊ တရားဥပဒေနှင့်မညီသောနှင့် ထိရောက်အောင်မြင်မှုမရှိသော မဟာဗျူဟာတစ်ရပ်ဖြစ်သည်" ဟု Matthew Smith ကပြောကြားခဲ့သည်။ "ဤစစ်ပွဲတွင်ပါဝင်သောအစုအဖွဲ့ များအားလုံးသည် လုံလောက်သောအထောက်အပံ့များကို အရပ်သားပြည်သူတို့ အမှန်တကယ်ရရှိခံစားနိုင်အောင် ဆောင်ရွက်ပေး ခြင်းအပါအဝင် ထိုသူတို့အား အကာအကွယ်ပေးရန်တာဝန်ရှိသည်" ဟူ၏။

ကချင်ပြည်နယ်အတွင်းရှိ ရွှေ့ပြောင်းဒုက္ခသည်အရပ်သားပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့များ ရရှိခံစားနိုင်မှုကင်းမဲ့စေသည့် မြန်မာအစိုးရ၏ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်ချက်များက နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေကိုရော၊ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကိုပါ ချိုးဖောက်ရာကျသည်။ နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာဥပဒေအရ လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သောအစုအဖွဲ့ များအားလုံးသည် "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့များ လွတ်လပ်စွာဖြတ်သန်းစီးဆင်းနိုင်ရေးအတွက် ပံ့ပိုးကူညီရန်" တာဝန်ရှိသည့်အပြင် အကူအညီပေးရေးလုပ်သားများအတွက် " ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များထံသို့ အဟန့်

အတားမရှိသော လျင်လျင်မြန်မြန်သွားရောက်နိုင်ခွင့်” ပေးအပ်ရမည်ဖြစ်သည်။ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအောက်တွင်ပြုထားခဲ့သောကတိကဝတ်များအရ မြန်မာအစိုးရသည် နိုင်ငံတွင်းရှိရွှေ့ပြောင်းဒုက္ခသည်ပြည်သူများအတွက် အစားအစာ၊ ကျန်းမာရေး၊ နေအိမ်၊ ရေနှင့် ကျန်းမာသန့်ရှင်းရေးတို့အား လက်လှမ်းမီရရှိခံစားပိုင်ခွင့်ကို အကာအကွယ်ပေးရန်နှင့် မြှင့်တင်ပေးရန် တာဝန်ရှိသည်။

ဩဂုတ်လ (၂၇) ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးအဖွဲ့က မြန်မာအာဏာပိုင်များသည် ကချင်ပြည်နယ်အတွင်းရှိအရပ်သားပြည်သူတို့ထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့များပေးအပ်မှုကို “မကြာခဏဆိုသလို အကြောင်းမဲ့ငြင်းဆန်ပယ်ချခဲ့ကြောင်း” ထုတ်ပြန်ခဲ့သည်။ လွတ်လပ်ပြီးအမှီအခိုကင်းသောအဆိုပါအဖွဲ့က မြန်မာ့ထိပ်တန်းစစ်ဗိုလ်ချုပ်များသည် ပြည်သူလူထုအပေါ်ကျူးလွန်ခဲ့သောရာဇဝတ်မှုများနှင့် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်အတွင်းမှ စစ်ရာဇဝတ်မှုများအတွက် တရားစွဲဆိုအပြစ်ပေးမှုများကိုခံရထိုက်သည်ဟုဆိုခဲ့၏။ မေလ (၁) ရက်နေ့တွင် မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂအထူးကိုယ်စားလှယ် ယန်ဟီးလီ (Yanghee Lee) က ကချင်ပြည်နယ်အတွင်းရှိအရပ်သားပြည်သူများထံသို့ “ကူညီကယ်ဆယ်ရေးထောက်ပံ့ပို့ဆောင်မှုများကို ရည်ရွယ်ချက်ရှိရှိဟန့်တားနှောင့်ယှက်သောလုပ်ဆောင်ချက်တိုင်းသည်” နိုင်ငံတကာဥပဒေအရ စစ်ရာဇဝတ်မှုမြောက်သည်ဟုဆိုနိုင်ကြောင်း ထောက်ပြပြောကြားခဲ့သည်။

အထောက်အပံ့ပေးအပ်ရန်ပျက်ကွက်ခြင်းနှင့် အကူအညီလိုအပ်နေသောပြည်သူများကို ကူညီထောက်ပံ့ရန်ကြိုးပမ်းအားထုတ်နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးအဖွဲ့အစည်းများအပေါ် ကန့်သတ်ပိတ်ပင်မှုများချမှတ်ကျင့်သုံးခြင်းဖြင့် မြန်မာအစိုးရသည် နိုင်ငံတကာဥပဒေအရ ထမ်းရွက်ဖြည့်ဆည်းရမည့် တာဝန်ဝတ္တရားများကို ကျေပွန်အောင်ထမ်းဆောင်ရန် ပျက်ကွက်နေခဲ့သည်။ ကချင်အရပ်သားပြည်သူများထံသို့ အသက်ကယ်ဆယ်ရေးအထောက်အပံ့များပေးအပ်နိုင်ခွင့်ကို ငြင်းဆန်ပယ်ချခဲ့သည့် အာဏာပိုင်အချို့သည် စစ်ရာဇဝတ်မှုများအတွက် တာဝန်ရှိသည်ဟုဆိုနိုင်ပေ၏။

ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများအတွင်းမှလူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ရှိသူများကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုအပြစ်ပေးနိုင်ရန် မြန်မာနိုင်ငံအား နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ အရေးတကြီးလွှဲပြောင်းပေးသင့်သည်ဟု Fortify Rights အဖွဲ့က ပြောကြားခဲ့သည်။

“တပ်မတော်၏ပြစ်မှုကျူးလွန်မှုများမှာ တိုင်းရင်းသားလူမှုအသိုက်အဝန်းများကိုဦးတည်သော ကာလတာရှည်ဖြစ်တည်နေခဲ့သည့် လုပ်ဆောင်ချက်အစီအစဉ်တစ်ရပ်ဖြစ်ကြောင်းကို ကချင်အရပ်ဘက်လူမှုအဖွဲ့အစည်းက ရှေးမဆွကပင်ဖော်ထုတ်ပြသလာခဲ့ပြီးဖြစ်သည်”ဟု Matthew Smith ကပြောကြားခဲ့၏။ “နိုင်ငံတကာအသိုက်အဝန်းအနေနှင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပေါ် ဆထက်တံပိုးအားပေးထောက်ခံကာ အရေးယူအပြစ်ပေးခြင်းမှကင်း လွတ်ခွင့်စက်ဝန်းကို ဖြတ်တောက်ရမည်ဖြစ်လေသည်။”

**သတင်းအချက်အလက်များပိုမိုရယူလိုပါက**

ဒေးဗစ်ဖော့ခ်၊ မြန်မာလူ့အခွင့်အရေးကျွမ်းကျင်သူ၊ Fortify Rights အဖွဲ့၊

+95 979 311 1685 (မြန်မာ)

Email: david.baulk@fortifyrights.org;

Twitter: @davidbaulk, @FortifyRights

မက်သယူးစမစ်၊ အမှုဆောင်အရာရှိချုပ်၊ Fortify Rights အဖွဲ့

+1 202 503 8032 (အမေရိကန်ပြည်ထောင်စု)

Email:Matthew.Smith@FortifyRights.org;
Twitter: @matthewfsmith, @FortifyRights

အေမီစမစ်၊ အမှုဆောင်ဒါရိုက်တာ၊ Fortify Rights အဖွဲ့

+66 87 795 5454 (Thai mobile, in Myanmar)

Email: amy.smith@fortifyrights.org;

Twitter:@AmyAlexSmith,@FortifyRights

အဲရစ် ပေါလ်စန်၊ ဥပဒေရေးရာဒါရိုက်တာ၊ Fortify Rights အဖွဲ့ ။

+60.17.228.1973 (မလေးရှားနိုင်ငံ။ အင်္ဂလိပ်နှင့်မလေးဘာသာစကားများ)

eric.paulsen@fortifyrights.org; Twitter: @ericpaulsen101, @FortifyRights